ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

အမျိုးသားညီညွတ်ရေးအစိုးရအဖွဲ့

ကျန်းမာရေးဝန်ကြီးဌာန

ထုတ်ပြန်ကြေညာချက်အမှတ် (၁၀/၂၀၂၁)

၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ (၃၀) ရက်

၁။ အကြမ်းဖက်စစ်ကောင်စီ၏ အဓမ္မလုယက်ဖျက်စီးမှုများနှင့် ရက်ရက်စက်စက် လူမျိုးတုန်းသတ်ဖြတ်မှုများကြောင့် ချင်းပြည်နယ်၊ ထန်တလန်မြို့မှ ပြည်သူ (၁၀,၀၀၀) ကျော်သည် မြို့ကို စွန့်ခွာ၍ တောတောင်များအတွင်း ပုန်းအောင်းပြေးလွှားနေကြရပါသည်။

၂။ အကြမ်းဖက်စစ်ကောင်စီသည် (၂၉-၁၀-၂၀၂၁) ရက်နေ့၊ နံနက်ပိုင်းမှ စတင်၍ လူသူကင်းမဲ့နေသော ထန်တလန်မြို့ရှိ လူနေအိမ်များကို ဖောက်ထွင်းလုယက်ရုံမျှသာမက လက်နက်ကြီးများဖြင့်ပါ ပစ်ခတ်၊ မီးတင်ရှို့ခဲ့သည့်အတွက် (၃၀-၁၀-၂၀၂၁) ရက်နေ့၊ နံနက်ပိုင်းအထိ ခရစ်ယာန်ဘုရားရှိခိုးကျောင်းများအပါအဝင် လူနေအိမ်များ၊ စီးပွားရေးလုပ်ငန်းသုံး အဆောက်အဦးများ စုစုပေါင်းအဆောက်အဦး (၁၆၀) ကျော်နှင့် ပိုင်ဆိုင်မှုပစ္စည်းများ မီးလောင်ပျက်စီးဆုံးရှုံးလျက်ရှိပါသည်။

၃။ ချင်းပြည်နယ်၊ ကယား (ကရင်နီ) ပြည်နယ်၊ စစ်ကိုင်းတိုင်းနှင့် မကွေးတိုင်းတို့ အပါအဝင် မြန်မာနိုင်ငံတဝှမ်းတွင် အကြမ်းဖက်စစ်ကောင်စီ၏ လူစိတ်မဲ့၊ မိစ္ဆာစရိုက်ဆန်စွာ အကြမ်းဖက်၊ လုယက်၊ သတ်ဖြတ်၊ မီးတင်ရှို့မှုများကို အမျိုးသားညီညွတ်ရေးအစိုးရ၊ ကျန်းမာရေးဝန်ကြီးဌာနက ပြင်းထန်စွာ ရှုံ့ချပါသည်။

၄။ အမျိုးသားညီညွတ်ရေးအစိုးရ၊ ကျန်းမာရေးဝန်ကြီးဌာနသည် အကြမ်းဖက်စစ်ကောင်စီကြောင့် အတိဒုက္ခရောက်နေရသော ဒေသအသီးသီးမှ ပြည်သူများအတွက် ဆေးနှင့် ဆေးပစ္စည်းများ

အပါအဝင် လိုအပ်သော အကူအညီ၊ အထောက်အပံ့များကို ပေးပို့ကူညီလျက်ရှိပြီး ထန်တလန်မြို့မှ ပြည်သူများအတွက်လည်း အမြန်ဆုံး ပေးပို့ကူညီသွားမည်ဖြစ်ပါသည်။

၅။ အာဆီယံနှင့် ကုလသမဂ္ဂအဖွဲ့အပါအဝင် လူသားချင်းစာနာထောက်ထားမှုနှင့် လူသားဂုဏ်သိက္ခာကို အလေးအမြတ်ပြု တန်ဖိုးထားကြသည့် နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် အကြမ်းဖက်စစ်ကောင်စီ၏ အကြမ်းဖက်မှုများနှင့် စစ်ရာဇဝတ်မှုများကို မျက်ခြေမပြတ် စောင့်ကြည့်သိရှိပြီး အကြမ်းဖက်စစ်ကောင်စီအပေါ် လက်တွေ့ကျ၍ ထိရောက်သော အရေးယူဆောင်ရွက်မှုများကို အချိန်မဆိုင်းတွဘဲ အကောင်အထည်ဖော် ဆောင်ရွက်ကြပါရန် အလေးအနက် တိုက်တွန်းအပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန
အမျိုးသားညီညွတ်ရေးအစိုးရ
https://moh.nugmyanmar.org/